မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910 E-mail : blcsan@ksc.th.com;   Website : www. blc-burma.org

# ဒေါ်အောင်ဆန်းစုကြည်ကို ဆိုင်းငံ့ပြစ်ဒဏ်ချမှတ်လိုက်ခြင်းအပေါ် ဥပဒေရေးရာသုံးသပ် ထုတ်ပြန်ချက်

နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထဲရေးဝန်ကြီးဌာနသို့ ညွှန်ကြားသော အမိန့်ဖြင့် ပွင့်လင်းစွာထုတ်ဖော်ကြေငြာခြင်းမရှိသော စည်းကမ်းချက်များနှင့်အတူ ဒေါ်အောင်ဆန်းစုကြည်ကို(၁၁.၈.၂၀၀၉) ရက်နေ့တွင် ထောင်ဒဏ် (၁၈) လဆိုင်းငံ့ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။

ယင်းသို့ဆိုင်းငံ့မိန့်ချမှတ်ရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ- ၄၀၁(၅) အရ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကိုယ်တိုင်က ၎င်းတွင် လုပ်ပိုင်ခွင့်အာဏာရှိသည် ဟုသုံးနှုန်းဖော်ပြထားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူ တရားရုံးချုပ်ရှေ့နေဦးဉာဏ်ဝင်း၏ သတင်းဌာနများ သို့ပြောကြားချက်များအရ-

ဒေါ်အောင်ဆန်းစုကြည်အပေါ် သတ်မှတ်စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

*၁။တက္ကသိုလ်ရိပ်သာလမ်းနေအိမ်တွင် နေထိုင်ရမည်။*

*၂။နေအိမ်ခြံဝင်းအတွင်း လွတ်လပ်စွာသွားလာနေထိုင်ခွင့်ရှိသည်။*

*၃။ကျန်းမာရေးအတွက်လိုအပ်ပါက ခွင့်ပြုထားသည့် ဆရာဝန်သူနာပြုအဖွဲ့နှင့်ကုသခွင့်ရှိသည်။*

*၄။ခွင့်ပြုချက်ရရှိသည့်ဧည့်သည်ကိုတွေ့ခွင့်ရှိသည်။*

*၅။မြဝတီ၊မြန်မာ့ရုပ်မြင်သံကြားကြည့်ရှုနိုင်သည်။*

*၆။နိုင်ငံတွင်းထုတ်သည့် သတင်းစာဂျာနယ် ဖတ်ရှုခွင့်ရှိသည်။*

*၇။မိမိ၏လိုအပ်ချက်ကိုစာရေးသားပြောဆိုခွင့်ရှိသည်။*

*၈။အခြားဆောင်ရွက်လိုသည့်ကိစ္စရှိလျှင် သက်ဆိုင်ရာ၏ ခွင့်ပြုချက် ရယူပြီးမှဆောင်ရွက်ရမည်။*

စသည့်စည်းကမ်းချက်များဖြစ်ပါသည်။

## ဥပဒေရေးရာသုံးသပ်ချက်

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ အခန်း-၂၉ ပြစ်ဒဏ်များကို ဆိုင်းငံ့ထားခြင်း၊ လွတ်ငြိမ်းသက်သာခွင့် ပေးခြင်း နှင့် လျှော့ပေါ့ပြောင်းလဲခြင်း ခေါင်းစဉ်အောက်ရှိ ပြဌာန်းချက်များကို လုပ်ပိုင်ခွင့်အာဏာအပ်နှင်းခံရသူ မှာ နိုင်ငံတော်သမ္မတ သာလျှင်ဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ-၄၀၁(၁) ပြဌာန်းချက်တွင်၊ ပြစ်မှုတစ်စုံတရာအတွက် တဦးတယောက် အား ပြစ်ဒဏ် ချမှတ်ပြီးသည့်အခါ နိုင်ငံတော်သမ္မတသည် မည်သည့်အခါမဆို စည်းကမ်းချက်မထားဘဲဖြစ်စေ၊ ပြစ်ဒဏ်စီရင်ခြင်း ခံရသူ သဘောတူသည့် စည်းကမ်းချက် တစ်ခုခု ထား၍ဖြစ်စေ၊ ၎င်းအပေါ် ချမှတ်သည့် ပြစ်ဒဏ် အတည်ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားနိုင်သည်။ သို့မဟုတ် ၎င်းကိုစီရင်သည့် ပြစ်ဒဏ်အားလုံး၊ သို့မဟုတ် အစိတ်အပိုင်း တစ်စုံတစ်ရာကို လွတ်ငြိမ်း သက်သာခွင့်ပေးနိုင်သည်။ ဟု အတိအလင်းပြဌာန်းထားပေသည်။

ထို့ကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ-၄၀၁ ပြဌာန်းချက်ပါ အာဏာသုံးစွဲခွင့်ကို အပ်နှင်း ထားသည်မှာ စစ်ဦးစီးချုပ် တစ်ဦးသို့ အပ်နှင်းထားခြင်းမဟုတ်ဘဲ ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရ သည့် နိုင်ငံတော်သမ္မတ သာလျှင်ဖြစ်သည်။ ဥပဒေသဘောအရ နိုင်ငံတော်သမ္မတနှင့် စစ်ဦးစီးချုပ် ဟူသည့်

အသုံးအနှုန်းကို ရောထွေးယှက်တင် အဓိပ္ပာယ်ဖွင့်ဆိုခွင့်မရှိချေ။ ထို့အတူ စစ်ဦးစီးချုပ်သည်လည်း နိုင်ငံတော်သမ္မတ သို့သာလျှင် ဥပဒေအရ အပ်နှင်းထားသည့်အာဏာကို ၎င်း၏ လုပ်ပိုင်ခွင့်အာဏာ ဖြစ်သည်ဟု ပြောဆို သုံးစွဲပိုင်ခွင့် မရှိချေ။

ထို့ပြင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၄၀၁ ကိုကျင့်သုံးသော နိုင်ငံတော်သမ္မတသည်လည်း၊ ပြစ်ဒဏ်စီရင်ခြင်းခံရသူ သဘောတူညီသည့် ( which the person sentenced accepts ) စည်းကမ်းချက် တခုခု ထား၍ ဖြစ်စေ ဟုပြဌာန်းထားခြင်းကြောင့်၊ ပြစ်ဒဏ်ကျခံရသူအား ပြစ်ဒဏ်များကို ဆိုင်းငံ့ထားခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းနှင့် လျှော့ပေါ့ပြောင်းလဲခြင်း စသည်တို့ပြုလုပ်ရာတွင် ထားရှိရမည့်စည်းကမ်းချက်ကို ပြစ်ဒဏ်ကျခံရသူနှင့် ကြိုတင်ညှိနှိုင်းရမည်ဖြစ်သည်။

န.အ.ဖ အစိုးရ ဥက္ကဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၎င်းလုပ်ပိုင်ခွင့်မရှိသော ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မကို သုံးစွဲ၍လည်းကောင်း၊ ကြိုတင်ညှိနှိုင်းမှုမရှိဘဲစည်းကမ်းချက်များထားရှိခြင်းဖြင့်လည်းကောင်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့်မညီသောဆောင်ရွက်ချက်များကိုလုပ်ဆောင်ခဲ့ကြောင်းဒေါ်အောင်ဆန်းစုကြည်အပေါ် တရားစွဲဆိုသည့်အမှုတွင်ဆိုင်းငံ့ပြစ်ဒဏ်ချမှတ်လိုက်ခြင်းက ထင်ထင်ရှားရှားပြသလျက်ရှိသည်။

ယေဘုယျ ဆန်ဆန်စည်းကမ်းချက်များသတ်မှတ်၍ မရချေ။ "ခွင့်ပြုချက် ရရှိသည့်ဧည့်သည်ကိုသာတွေ့ခွင့်ရှိသည်" ဆိုသည့် စည်းကမ်းချက်တွင် တွေ့ခွင့်ရှိသောဧည့်သည်အမျိုးအစားသည် မည့်သည့်အမျိုးအစား၊မည်သည့် ပုဂ္ဂိုလ်မျိုးဖြစ်သည်ကို အတိအကျ သတ်မှတ်ထားခြင်းမဟုတ်သဖြင့် အာဏာပိုင်တို့၏ ခွင့်ပြု၊ မပြုဆိုသည့် အပေါ်တွင်သာ အဓိကတည်မှီလျက်ရှိကြောင်းတွေ့ရှိရသည်။

မြဝတီ၊ ရုပ်မြင်သံကြား၊ ကြည့်ခွင့် နိုင်ငံထုတ် သတင်းစာဂျာနယ်ဖတ်ရှုခွင့်ပေးထားခြင်းမှာ နိုင်ငံတကာ သတင်းကြည့်ရှုနားထောင်ခွင့်နှင့် နိုင်ငံတကာသတင်းဂျာနယ်ဖတ်ရှုခွင့်တို့ကို ပိတ်ပင်ထားခြင်းဖြစ်သည်။ လွတ်လပ်စွာတွေးခေါ်ခွင့်၊ လွတ်လပ်စွာ သတင်းနားထောင်ခွင့်၊ဖတ်ရှုခွင့်တို့ကို ပိတ်ပင်ထားခြင်းမှာ ခေတ်နောက်ပြန်ဆွဲသည့် အတွေးအခေါ်အယူအဆများဖြင့် လူတစ်ဦးတစ်ယောက်၏ လွတ်လပ်ခွင့်ကိုပိတ်ပင်ထားခြင်းဖြစ်သည့် အပြင် -

"လူတိုင်းသည် လွတ်လပ်စွာ ထင်မြင်ယူဆပိုင်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော် နိုင်ခွင့်ရှိသည်။ ယင်း၌ လွတ်လပ်စွာသတင်းအချက်အလက်များကိုရယူဆည်းပူးပိုင်ခွင့်လည်းပါဝင်သည်။"ဟုဖော်ပြထားသောနိုင်ငံတကာ လူ့အခွင့် အရေးကြေငြာစာတမ်း အပိုဒ်-၁၉ ပါဖော်ပြချက်ကို ဖောက်ဖျက်လိုက်ခြင်းဖြစ်သည်။

"မိမိလိုအပ်ချက်ကို စာနှင့်ရေးသား ပြောဆိုခွင့်ရှိသည်" ဆိုသည်မှာ စာနှင့်ရေးသားပြောဆိုသောလိုအပ်ချက်တိုင်းကို အာဏာပိုင်များအနေဖြင့်ခွင့်ပြုမည်မပြုမည် သေချာစွာဖော်ပြထားခြင်းမရှိချေ။ ထို့ကြောင့်တောင်းဆိုသောလိုအပ်ချက်တိုင်းကို အာဏာပိုင်များ၏ ခွင့်ပြုမပြုသည်သာ အဓိကကျပေသည်။

ဒေါ်အောင်ဆန်းစုကြည်အား ဆိုင်းငံ့ပြစ်ဒဏ်ပေးထားပြီး နေအိမ်၌ ပြန်လည်နေထိုင်ခွင့်ပြုသည်မှန်သော်လည်း အကျဉ်းကျခံရသူတို့အပေါ်ထားရှိသည့်စည်းကမ်းချက်များအတိုင်း၊ သတ်မှတ်ထားရှိခြင်းဖြစ်သည်။ ဆိုင်းငံ့ပြစ်ဒဏ် သတ်မှတ်ခြင်း သည် အကျဉ်းချထားခြင်းမဟုတ်သဖြင့် လွတ်လပ်စွာနေထိုင်ခွင့်ပြုရမည်ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်အားတရားစွဲဆိုရန်အကြောင်းမပေါ်ပေါက်သည့်အပြင်၊ အမှုမစွဲတင်မီက ပင်ပျက်ပြယ် လျက်ရှိ သည့်၊ တရားစွဲဆိုရန်ဥပဒေအရ အရည်အချင်းပြည့်မှီခြင်းမရှိသည့် အစိုးရတရပ် ကတရားစွဲဆိုခဲ့ပြီး၊ ပြစ်ဒဏ်ချမှတ်ထားခြင်းဖြစ်သောကြောင့်လည်းကောင်း၊န.အ.ဖဥက္ကဌ အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုအမှန်တကယ်လိုလားနစ်သက်လုပ်ဆောင်မည်ဆိုပါက၊ ဒေါ်အောင်ဆန်းစုကြည်အား ချမှတ်လိုက်သောပြစ်ဒဏ်မှ တရားသေလွတ်ခွင့်နှင့်၊ ဆိုင်းငံ့ပြစ်ဒဏ်များကို ရုတ်သိမ်း ပေးခြင်းသည်သာ ယနေ့တိုင်းပြည် ၏ အထွေထွေအကျပ်အတည်းများကို ဖြေရှင်းရာလမ်းစဖြစ်ပါကြောင်း ဥပဒေရေးရာသုံးသပ်ချက်ထုတ်ပြန်အပ်ပါသည်။

၂၇.၈.၂၀၀၉


အသေးစိတ်သိရှိလိုပါလျှင်-

ဦးမျိုး

တာဝန်ခံ၊ ဥပဒေရေးရာသုံးသပ်ရေးဌာန-

ဖုန်း-၀၈၆၂၁၆၀၁၀၈


ဥပဒေရေးရာသုံးသပ်ရေးဌာန

မြန်မာနိုင်ငံရေး့နေများကောင်စီ